**မိခင်နို့အစားထိုး နို့မှုန့်များနှင့် ဆက်စပ်ပစ္စည်းများ သုံးစွဲမှုနှင့် လှူတန်းမှုများကိုသတိပြုရန်**

အသက်၂နှစ်အောက်ကလေးများအတွက်နို့မှုန့်များနှင့် အခြားနို့မှုန့်များကို အသုံးပြုရန် အမှန်တကယ် လိုအပ်ချက်ရှိမရှိကို သင့်တော်သည့် စစ်ဆေးအကဲဖြတ်ဆန်းစစ်ချက်မရှိပဲ အသုံးပြုခြင်း၊ အသက်၂နှစ်အောက်ကလေးများအတွက်နို့ထွက်ပစ္စည်းများကို အလွန်အကျွံနှင့် လိုအပ်သည်ထက် ပိုမိုများပြားစွာတိုက်ကျွေးခြင်းသည် ကလေးအတွက် အသက်အန္တရာယ်ဖြစ်စေနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ မိခင်နို့အစားထိုးနို့မှုန့်များနှင့် ဆက်စပ်ပစ္စည်းများ ဈေးကွက်တင်ခြင်းဆိုင်ရာ ဥပဒေ၊ မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးညီလာခံ ဆုံးဖြတ်ချက်များ နှင့် လူသားခြင်းဆိုင်ရာ ပံ့ပိုးကူညီသော အဖွဲ့အစည်းများ၏ မူဝါဒနှင့်လမ်းညွှန်များအရ အောက်ပါပစ္စည်းများကို လှူဒါန်းခြင်း (သို့မဟုတ်) အထွေထွေဖြန့်ဖြူးမှုများတွင်ထည့်သွင်းခြင်း မပြုလုပ်ရပါ၊

- ကလေးနို့မှုန့် ကဲ့သို့သော မိခင်နို့ အစားထိုးပစ္စည်းများ၊
- နို့မှုန့်ကဲ့သို့သော အခြားနို့ထွက်ပစ္စည်းများ၊
- အသက်၂နှစ်အထိကလေးများအတွက် အသုံးပြုရန် နို့ဘူးဖြင့်တိုက်ကျွေးရသော ဖြည့်စွက် အစားအစာများ၊
- အသက်၆လအောက် ကလေးများအတွက် တိုက်ကျွေးရန် ဖျော်ရည်များနှင့် လက်ဖက်ရည်များ၊
- နို့ဘူးနှင့် နို့သီးခေါင်းများ

မလိုလားအပ်သော လှူဒါန်းမှုများကို သိရှိရပါက မြန်မာအာဟာရအစုအဖွဲ့သို့ အကြောင်းကြား သင့်ပါသည်။